
စိတ်ကူးချိုချိုအနုပညာ

mgyoe.com


# အောင်မြင်ရေးအတွက်
# နီတိခုနစ်ချက်



ညွန့် ဝေမိုး

mgyoe.com

mgyoe.com



အောင်မြင်ရေးအတွက်

# နိတိခုနစ်ချက်

ညွန့် ဝေမိုး

nwm0012

1500.00 Ks

mgyoe.com

mgyoe.com

အောင်မြင်ရေးအတွက်နိတိခုနစ်ချက်
ညွန့်ဝေမိုး

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၁ ၂၅၂ ၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၄၄၄ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၁၃၁ ・ ၃

ညွန့်ဝေမိုး
အောင်မြင်ရေးအတွက်နိတိခုနစ်ချက် /
ညွန့်ဝေမိုး- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၂၈ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ・၅ စင်တီ
(၁) အောင်မြင်ရေးအတွက်နိတိခုနစ်ချက်

၂၀၁၂၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


– စကားဦး

(၁) ကြိုတင်လိုအပ်ချက်များ .... ၁
PREREQUISITES

(၂) အကျင့်စာရိတ္တကောင်းမွန်ခြင်း .... ၂
CHARACTER

(၃) စိတ်ဓာတ်ပြောင်းလဲမှု .... ၇
CHANGE OF MIND

(၄) အခြေအနေနှင့် အချိန်အခါကို သိနားလည်မှု .... ၁၉
TIME SENSE

(၅) အလုပ်ကို ချစ်မြတ်နိုးမှု .... ၂၃
LOVE OF WORK

(၆) မိတ်ဆွေကောင်းရှိခြင်း .... ၂၈
FRIENDSHIP


mgyoe.com

mgyoe.com

(၇) ဘဝအိပ်မက် မျှော်လင့်ချက် .... ၃၈
DREAM

(၈) အာရုံစူးနစ်မှု .... ၅၀
CONCENTRATION

(၉) လေ့လာဆည်းပူးခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း .... ၅၅
STUDY AND PLAN

(၁၀) အခွင့်အရေး .... ၆၇
OPPORTUNITY

(၁၁) ယုံကြည်မှုနှင့် သန္နိဋ္ဌာန် .... ၇၅
FAITH AND RESOLUTION

(၁၂) လုံ့လဝီရိယ .... ၈၄
DILLIGENCE/ INDUSTRY

(၁၃) အခက်အခဲ၊ အမှားနှင့် ရှုံးနိမ့်မှု .... ၁၀၁
HARDSHIPS, MISTAKES AND FAILURE

(၁၄) ဇွဲနပဲ .... ၁၁၇
PERSEVERENCE

(၁၅) အောင်မြင်မှု .... ၁၂၅
SUCCESS



mgyoe.com

mgyoe.com

## စကားဦး

လူတိုင်း ဘဝမှာ အောင်မြင်လိုသည်မှာ သဘာဝကျသော စိတ်ထား ဖြစ်ပါသည်။ အချို့က အောင်မြင်သော ဆရာဝန် ဖြစ်ချင်ကြသည်။ အချို့က စက်မှုပညာရှင်အဖြစ်၊ အချို့က စီးပွားရေးပညာရှင်အဖြစ် အောင်မြင်လိုကြသည်။ အချို့ကမူ နာမည်ကျော် စာရေးဆရာ၊ ပရိသတ်သည်းသည်းလှုပ် အနုပညာရှင် ဖြစ်ချင်ကြသည်။ အောင်မြင်ချင်သော နယ်ပယ်များမှာ တစ်ယောက်နှင့်တစ်ယောက် မတူညီကြသော်လည်း သူတို့လိုလားသည့် တူညီသောအရာမှာကား တစ်ခုတည်းသာ ဖြစ်သည်။ ယင်းကား အခြား မဟုတ်၊ အောင်မြင်ခြင်းပင် ဖြစ်သည်။ မတူ ကွဲပြားသော လူအမျိုးမျိုးတို့၏ တူညီသောပန်းတိုင်မှာ အောင်မြင်ခြင်း ဖြစ်သကဲ့သို့ အောင်မြင်လိုသော နယ်ပယ်များ မည်မျှကွဲပြားပါစေ၊ အောင်မြင်ရေးပန်းတိုင်သို့ရောက်အောင် လျှောက်လှမ်းရမည့် နည်းနာကလည်း တစ်ခုတည်းသာ ရှိပါသည်။

အောင်မြင်ရေးအတွေးအခေါ်များကို ပုံစံအမျိုးမျိုးဖြင့် ရေးသားတင်ပြနေကြသော်လည်း အောင်မြင်ရေးနည်းနာများကို အသွင်အမျိုးမျိုးဖြင့် ဖော်ပြနေကြသော်လည်း အောင်မြင်ရေးနည်းနာများကို အနှစ်ချုပ်ကြည့်ကြပါက တူညီသော ဝိသေသလက္ခဏာများရှိကြောင်း တွေ့ရှိပါသည်။ ဤဝိသေသလက္ခဏာများကို စုစည်း၍ **'အောင်မြင်ရေးအတွက် နိတိခုနစ်ချက်'** ဟု အမည်ပေးကာ ရေးသားပြုစုလိုက်ပါသည်။ အောင်မြင်ရေး နိတိများကို လေ့လာဖတ်ရှုရာတွင် လွယ်လင့်တကူ မှတ်သားမိစေရန်နှင့်

mgyoe.com

mgyoe.com

စိတ်ကြည်နူးဖွယ်ဖြစ်စေရန် သရုပ်ဖော်ပုံများကို ထည့်သွင်းထားပါသည်။ ဤနိတိများကို လိုက်နာဆောင်ရွက်သူအားလုံး နယ်ပယ်အသီးသီးတွင် အောင်မြင်သူများ ဖြစ်လာမည်ဟု ယုံကြည် မျှော်လင့်ပါသည်။

ညွန့်ဝေမိုး

❐

mgyoe.com

mgyoe.com

## ကြိုတင်လိုအပ်ချက်များ

ဘဝ၌ အောင်မြင်လိုသူသည် မိမိ၏ ကိုယ်နှုတ် နှလုံး သုံးပါးစလုံးတွင် ကြိုတင် ပြင်ဆင်ထားရှိရမည့် လိုအပ်ချက်များ ရှိပါသည်။ ယင်းတို့မှာ–

(က) အကျင့်စာရိတ္တကောင်းမွန်ခြင်း၊

(ခ) မိမိ၏ရှိရင်းစွဲ ဘဝအခြေအနေ၌ မနေတော့ဟု ဆုံးဖြတ်ရမည့် စိတ်ဓာတ်ပြောင်းလဲမှု၊

(ဂ) အခြေအနေနှင့် အချိန်အခါကို သိနားလည်မှု၊

(ဃ) အလုပ်ကို ချစ်မြတ်နိုးမှုနှင့်

(င) မိတ်ဆွေသင်္ဂဟကောင်း ရှိခြင်းတို့ ဖြစ်ပါသည်။

mgyoe.com

mgyoe.com

## အကျင့်စာရိတ္တကောင်းမွန်ခြင်း

စစ်မှန်သော အောင်မြင်မှု ရယူလိုသူတို့သည် တယုတယ ပျိုးထောင်ထားအပ်သော အကျင့်စာရိတ္တကောင်းရှိဖို့ လိုပါသည်။ အကျင့်မကောင်းတဲ့သူတွေလည်း အောင်မြင် နေတာပဲဟု စောဒကတက်ဖွယ်ရှိသော်လည်း ရေရှည်တည်တံ့သော ဂုဏ်သတင်း၊ မွေးပျံ့သော အောင်မြင်မှုဟူသည် အကျင့်စာရိတ္တ ကောင်းမွန်ခြင်း မြေဆီလွှာပေါ်၌သာ ပျိုးထောင်ရှင်သန်နိုင်သော နတ်ပန်းဖြစ်သည်။

mgyoe.com

mgyoe.com


Character is the real foundation of all worth-while success.

***John Hays Hammond***

တန်ဖိုးထားအပ်သည့် အောင်မြင်မှု၏ အုတ်မြစ်အစစ်မှန်မှာ စင်ကြယ်သော စာရိတ္တပင် ဖြစ်သည်။

***ဂျွန် ဟေးစ် ဟမွန်***

mgyoe.com

mgyoe.com


To have character is to be big enough to take life on.

***Mary Caroline Richards***

အကျင့်စာရိတ္တကောင်းခြင်းသည် ဘဝကို လက်ခံပွဲပြင်နိုင်လောက်အောင် ကြီးမားကျယ်ပြန့်ခြင်း မည်၏။

***မေရီ ကာရိုလိုင်း ရစ်ချတ်***

mgyoe.com

mgyoe.com


Plain living and high thinking.

***proverb***

ရိုးရိုးကျင့် မြင့်မြင့်ကြံ။

***စကားပုံ***

mgyoe.com

mgyoe.com


Character is perfectly educated will.

*Novalis*

အကျင့်စာရိတ္တဟူသည် ပြီးပြည့်စုံစွာ သင်ကြားထားသော စိတ်ဓာတ်ပင် ဖြစ်သည်။

**နိုဗလစ်**

mgyoe.com

mgyoe.com

## စိတ်ဓာတ်ပြောင်းလဲမှု

လူအတော်များများတွင် မိမိလက်ရှိ အနေအထားမှ ပြောင်းလဲရန် တွန့်ဆုတ်သည့် သဘောထား ရှိကြပါသည်။ ကြိုးစားနေလို့လည်း ထူးမှာမဟုတ်ပါဘူး။ ဒီသင်တန်းတက်ပြီးတော့လည်း ချက်ချင်းလက်ငင်းဘာမှဖြစ်လာဦးမှာ မဟုတ်ပါဘူးဆိုကာ ဆင်ခြေအမျိုးမျိုးဖြင့် အပျင်းထူကာ မိမိလက်ရှိနေရာမှ တစ်လက်မမှ မရွေ့တမ်း နေကြသူအတော်များပါသည်။ လက်ရှိ အနေအထားထက် တိုးမြင့်အောင် လုပ်ဆောင်မည်၊ ယခုအခြေအနေမှာ လုံးဝ မနေလိုတော့ဟု ဆုံးဖြတ်ကြိုးစားသူတို့သာ အောင်မြင်စမြဲ ဖြစ်သည်။

mgyoe.com

mgyoe.com


Sulumber not in the tents of your fathers.
The world is advancing. Advance with it.

*Mazzini*

သင့်ဘိုးဘေးတွေရဲ့ တဲတွေထဲမှာ အိပ်ပျော်မနေပါနဲ့ (လူငယ်တို့)။ ကမ္ဘာကြီးဟာ တိုးတက်ပြောင်းလဲနေပြီ။ ယင်းနှင့်အတူ ပြောင်းလဲတိုးတက်ကြပါလော့။

မဇ္ဇနီ

mgyoe.com

mgyoe.com



**Great men are little men expanded; great lives are ordinary lives intensified.**

***Wilfred A. Peterson***

ကြီးမြတ်သော ပုဂ္ဂိုလ်များသည် ပုံကြီးချဲ့ထားသော သာမန်လူများ ဖြစ်၏။ ကြီးမြတ်သော ဘဝများမှာလည်း မြှင့်တင်ထားသော သာမန်ဘဝများ ဖြစ်သည်။

***ဝေးဖရက်အေပီတာဆင်***

mgyoe.com

mgyoe.com



Men at some time are masters of their fates: The fault is not in our stars. But in ourselves, that we are underlings.

***Shakespeare***

လူသည် တစ်ချိန်ချိန်၌ မိမိကံကြမ္မာ၏ အရှင်သခင်ဖြစ်သည်။ သူတစ်ပါး၏ လက်အောက်ခံ အစေအပါး ဖြစ်နေရခြင်းမှာ ကျွန်ုပ်တို့၏ ဇာတာနက္ခတ်များနှင့် မသက်ဆိုင်၊ ကျွန်ုပ်တို့နှင့်သာ သက်ဆိုင်သော အပြစ်ဖြစ်သည်။

***ရှိတ်စပီးယား***

mgyoe.com

mgyoe.com


Without self-knowledge, without understanding the working and functions of his machine, man cannot be free, he cannot govern a slave...

***George Gurdjieff***

မိမိကိုယ်မိမိ သိနားလည်မှုမရှိဘဲ အလုပ်နှင့် ယန္တရားတို့၏ သဘောကို နားမလည်ဘဲနှင့် လူသားသည် မလွတ်မြောက်နိုင်၊ မိမိကိုယ်မိမိ အစိုးမရနိုင်လျှင် ကျွန်သပေါက်ဘဝ၌ပင် အမြဲတည်ရှိနေလိမ့်မည်။

*ဂျော့ ဂါးဂျီးယက်*

mgyoe.com

mgyoe.com


What a man thinks of himself, that is what determines his fate.

***Henry Devid Thoreau***

အကြင်သူသည် မိမိကိုယ်မိမိ တွေးထင်ထားသည့်အတိုင်း ထိုအတွေး အထင်က သူ့ဘဝကို ပြဋ္ဌာန်း၏။

***ဟင်နရီ ဒေးဗစ် သောရိုး***

mgyoe.com

mgyoe.com


The greatest power that a person possesses is the power to choose.

***J.M Kohe***

လူတစ်ယောက်ပိုင်ဆိုင်သမျှ အကြီးမားဆုံး စွမ်းအားမှာ ရွေးချယ်နိုင်စွမ်းပင်ဖြစ်သည်။

mgyoe.com

mgyoe.com


The first step toward getting somewhere is to decide that you are not going to stay where you are.

*John J.B. Morgan &*
*Ewing T. Webb*

တစ်နေရာရာသို့ ရောက်ရှိနိုင်ဖို့ ပထမဦးအဆင့်မှာ သင်ရောက်နေသော နေရာမှာ မနေတော့ဟု ဆုံးဖြတ်ခြင်းပင် ဖြစ်သည်။

*ဂျွန် ဂျေ၊ ဘီ၊ မော်ဂန်နှင့်*
*အီဝင်း တီ၊ ဝက်ဘ်*

mgyoe.com

mgyoe.com



The greatest discovery of my generation is that human beings can alter their lives by altering their attitudes of mind.

***William James***

ကျွန်ုပ် မျိုးဆက်၏ အကြီးကျယ်ဆုံး တွေ့ရှိချက်မှာ လူသားတို့သည် သဘောထားခံယူချက် ပြောင်းလဲခြင်းဖြင့် သူတို့၏ဘဝကို ပြောင်းလဲနိုင်ကြောင်း တွေ့ရှိချက်ပင် ဖြစ်၏။

***ဝီလျံ ဂျိမ်းစ်***

mgyoe.com

mgyoe.com


There is an infinite difference between a little wrong and just right, between fairly good and the best, between mediocrity and superiority.

***O. S. Marden***

နည်းနည်းမှားခြင်းနှင့် မှန်ကန်ခြင်း၊ အတော်ကောင်းခြင်းနှင့် အကောင်းဆုံး၊ ရှက်ကြမ်းရေကျိုနှင့် အဆင့်အတန်းမြင့်မားခြင်းတို့ အကြားဝယ် အဆုံးမထင် ကွဲပြားခြားနားပေသည်။

*အို၊ အက်စ်၊ မာဒန်*

mgyoe.com

mgyoe.com


Every man stamps his value on himself. The price we challenge for ourselves is given us by others. – Man is made great or little by his own will.

***Schiller***

လူတိုင်း မိမိ၏တန်ဖိုးကို မိမိဘာသာ ခတ်နှိပ်ကြသည်။ ကျွန်ုပ်တို့ တောင်းဆိုသော တန်ဖိုးကို အခြားသူများက ကျွန်ုပ်တို့အား ပေးကြရ၏။ လူဟူသည် မိမိ၏ စိတ်ဆန္ဒအားဖြင့် မိမိကိုယ်မိမိ ကြီးကျယ်အောင် သို့မဟုတ် သေးနုပ်အောင် ပြုလုပ်နိုင်သည်။

***ရှီးလား***

mgyoe.com

mgyoe.com


**He who has a firm will moulds the world to himself.**

***Goethe***

**ခိုင်မာသော စိတ်ဓာတ်ပိုင်ရှင်သည် ကမ္ဘာလောကကိုပင် သူ့အလိုအတိုင်း ပုံသွင်းနိုင်သည်။**

***ဂါထေး***

mgyoe.com

mgyoe.com

## အခြေအနေနှင့်အချိန်အခါကို သိနားလည်မှု

အောင်မြင်မှုရယူနိုင်ဖို့ အခြေအနေ၊ အချိန်အခါပေးသည်ကို ပေးမှန်းနားလည်တတ်ရန်လိုသည်။ အခွင့်အရေးဟူသည် အတောင်ပံပါသည်ဟု ဆိုရိုးစကားရှိသည်။ ခွင့်သာခိုက်တွင် မကြိုးစားပါက အောင်မြင်မှုနှင့် ဝေးရလိမ့်မည်။ အချိန်အခါဟူသည်မှာလည်း အခြေအနေပေးချိန်တွင် ချက်ချင်းထလုပ်နိုင်မှသာ အောင်မြင်နိုင်ပေမည်။

mgyoe.com

mgyoe.com



Short as life is, we make it still shorter by the careless waste of time.

***Victor Hugo***

ဘဝဟူသည် တိုတောင်း၏၊ မဆင်မခြင် အချိန်ဖြုန်းခြင်းဖြင့် ဘဝသည် ပိုတိုသွား၏။

***ဗစ်တာဟျူးဂိုး***

mgyoe.com

mgyoe.com


**In most things success depends on knowing how long it takes to succeed.**

***Montesquicu***

အရာများစွာ၌ အောင်မြင်ခြင်းဟူသည် အောင်မြင်ရန် မည်မျှ အချိန်ယူရမည်ကို သိနားလည်ခြင်းအပေါ်တွင် မူတည်၏။

***မွန်တက်စကျူး***

mgyoe.com

mgyoe.com


If no you,
then who?
If not now,
then when?

*Hillel*

သင်မှ မလုပ်ဘူးဆိုရင်
ဘယ်သူလုပ်ပါ့မလဲ။
အခုမှ မလုပ်ဘူးဆိုရင်
ဘယ်တော့များမှလဲ။

*ဟီလယ်လ်*

mgyoe.com

mgyoe.com

## အလုပ်ကိုချစ်မြတ်နိုးမှု

ဘဝကို အဓိပ္ပာယ်ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးသော အရာများအနက် အလုပ်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ လူသည် အခြားသတ္တဝါများထက် ကြီးမြတ်ရခြင်းမှာ အသိဉာဏ်ကြောင့်ချည်း သက်သက် မဟုတ်။ မိမိအတွက်၊ မိသားစုအတွက်၊ ပတ်ဝန်းကျင်အသိုက်အဝန်းအတွက်၊ ကမ္ဘာလောကအတွက် အလုပ်လုပ်နေသောကြောင့်လည်း ဤသို့ ကြီးမြတ်ရသည်။ မိမိအလုပ်ကို တန်ဖိုးထားတတ်သူ၊ မိမိအလုပ်ကို ချစ်မြတ်နိုးတတ်သူဖြစ်မှသာ သန့်ရှင်းရေးအလုပ်သမား ဖြစ်စေ၊ နိုင်ငံတော်သမ္မတဖြစ်စေ ဂုဏ်ယူလေးစားလောက်ပေသည်။

mgyoe.com

mgyoe.com


A man is a worker. If he is not that he is nothing.

***Joseph Conrad***

လူဟူသည် အလုပ်သမားဖြစ်၏။ အလုပ်သမားသာ မဟုတ်ပါက ဘာမှ လည်း မဟုတ်နိုင်တော့ချေ။

*ဂျိုးဇက်ကွန်းရက်*

mgyoe.com

mgyoe.com


Far and away the best prize that life offers is the chance to work hard at work worth doing.

*Theodore Rosevelt*

ဘဝကပေးကမ်းသည့် အကောင်းဆုံးဆုမှာ လုပ်ထိုက်သော အလုပ်ကို ကြိုးစားလုပ်ဆောင်ခွင့်ပင် ဖြစ်သည်။

*သီအိုဒိုးရူးစဗဲ့*

mgyoe.com

mgyoe.com


Give me love and work – these two only

***William Morris***

ကျွန်ုပ်ကို အချစ်နဲ့အလုပ်–ဒီနှစ်ခုသာ ပေးပါ။

***ဝီလျံမောရစ်***

mgyoe.com

mgyoe.com


Work is love made visible.

***Kahlil Gibran***

အလုပ်ဟူသည် မြင်သာအောင် ဖန်တီး
ထားသည့် ချစ်မေတ္တာပင် ဖြစ်သည်။

*ခါလီ ဂျီဘရန်*

mgyoe.com

mgyoe.com

## မိတ်ဆွေသင်္ဂဟကောင်းရှိခြင်း

လူသည် လူမှုရေးသတ္တဝါဖြစ်သည့် အားလျော်စွာ မိတ်ဆွေသင်္ဂဟများ၊ အိမ်နီးချင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တစ်မြို့ တစ်နိုင်ငံတည်းနေသူများ၊ နိုင်ငံခြားသားများ စသူတို့နှင့် ဆက်ဆံပေါင်းသင်းရ၏။ မိမိကျင်လည်ရာ လောက၌ အလုပ်တစ်ခု အောင်မြင်ရေးအတွက် မိမိအား ဝိုင်းဝန်းကူညီမည့် မိတ်ဆွေများ၊ အကြံဉာဏ်ကောင်း ပေးနိုင်မည့်သူများ၊ စိတ်ထားဖြောင့်မတ်စွာ မိမိအောင်မြင်မှုကို နှစ်သက်လိုလားသူများနှင့် အဆွေခင်ပွန်းဖွဲ့ရန် လိုသည်။

မိမိကြီးပွားသည်ကို မုဒိတာပွားကာ မိမိအခက်အခဲကြုံချိန်မှာ နှစ်သိမ့်ထူမမည့် မိတ်ဆွေကောင်းဟူသည် ဘဝ၏ အကြီးမားဆုံးဆုလာဘ်ဖြစ်သည်။ တစ်ခု သတိပြုရန်မှာ မိတ်ဆွေကောင်းဟူသည် မိမိကိုယ်တိုင်က မိတ်ဆွေကောင်း ပီသခြင်းဖြင့်သာ ရရှိနိုင်သည်။

mgyoe.com

mgyoe.com


Your outlook upon life, your estimate of yourself, your estimate of your value are largely colored by your environment. Your whole career will be modified, shaped, molded by your surroundings, by the character of the people with whom you come in contact every day...

***O. S. Marden***

သင့်ဘဝအမြင်၊ သင့်ကိုယ်သင် အထင်အမြင်၊ သင့်တန်ဖိုး သင့်ပိုင်းဖြတ်ချက်တို့ကို များသောအားဖြင့် ပတ်ဝန်းကျင်က အရောင်ဆိုးတတ်သည်။ သင့်ဘဝတစ်လျှောက်လုံးအတွက် အလုပ်ကိုလည်း သင့်ပတ်ဝန်းကျင်နှင့် သင်နေ့စဉ် တွေ့ထိနေရသည့် လူများ၏ စရိုက်သဘာဝက ပုံသွင်းပေးတတ်သည်။

***အို၊ အက်စ်၊ မာဒန်***

mgyoe.com

mgyoe.com


Life is to be fortified by many friendships. To love and to be loved is the greatest happiness of existence.

***Sydney Smith***

ဘဝကို ရင်းနှီးချစ်ခင်မှုများစွာဖြင့် အားဖြည့်တည်ဆောက်ရမည်။ ချစ်ခြင်းနှင့် အချစ်ခံရခြင်းတို့သည် ဘဝ၏ အကြီးမားဆုံး ပျော်ရွှင်သုခ ဖြစ်၏။

***ဆစ်ဒနီစမစ်***

mgyoe.com

mgyoe.com


I believe that you can get everything in life you want if you will just help enough other people get what they want.

***Zig Ziglar***

သူတစ်ပါးတို့ အလိုရှိသည်ကို ရယူနိုင်ရန် သင် ကူညီဆောင်ရွက်ပေးပါက သင်အလိုရှိရာ အရာရာတိုင်းကို သင်ရရှိနိုင်မည်ဟု ကျွန်ုပ် ယုံကြည်သည်။

***ဇစ်ဇစ်ဂလာ***

mgyoe.com

mgyoe.com


No young man starting in life could have better capital than plenty of friends. They will strengthen his credit, support him in every great effort, and make him what, unaided, he could never be. Friends of the right sort will help him more to be happy and successful– than much money....

***O. S. Marden***

ဘဝအစ လူငယ်တစ်ဦးအဖို့ မိတ်ဆွေသင်္ဂဟပေါများခြင်းထက် ပိုကောင်းသော အရင်းအနှီး မရှိနိုင်ပါ။ မိတ်ဆွေများက သူ့ဂုဏ်သတင်းကို ခိုင်မာစေမည်။ ကြီးကျယ်သော အားထုတ်မှုတိုင်း၌ ထောက်ပံ့ပေးမည်။ အကူအညီ မရပါက သူ့အတွက် လုံးဝဖြစ်နိုင်စရာ မရှိသော အရာများကို ဖြစ်အောင် ဆောင်ရွက်ပေးမည်။ ငွေကြေးက လုပ်ဆောင်နိုင်သည်ထက် သူ့ကို ပျော်ရွှင်သုခရစေရန်၊ အောင်မြင်မှုရစေရန်၊ စစ်မှန်သော မိတ်ဆွေများက သူ့ကို ကူညီစောင်မပါဦးမည်။

***အို၊ အက်စ် မာဒန်***

mgyoe.com

mgyoe.com


Life has no blessing like a prudent friend.

***Euripides***

ဘဝတွင် စဉ်းစားမြော်မြင်တတ်သော မိတ်ဆွေထက်ပိုသော ကောင်းချီး မင်္ဂလာ မရှိချေ။

***ယူရီပီးဒီး***

mgyoe.com